နန်းသွန်ကျေးရွာ

ကလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန်းသွန်ကျေးရွာ၊ ကလောမြို့နယ်

(သမဝါယနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ကုန်းလွင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကလောမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကွျမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းစနစ်ယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်

MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။


ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နန်းသွန်ကျေးရွာ
ကလောမြို့နယ်


ကျေးရွာနှင့်သယ်ဇာတပြမြေပုံ
မြောက်
အရှေ့
အညွှန်း

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

နန်းသွန်ကျေးရွာသည် ကလောမြို့နယ်၊ အောင်ပန်းနှင်ဟဲဟိုးမြို့သွား ကားလမ်းဘေးတွင် တည်ရှိသည်။ စီးပွားရေးအရအချက်အခြာကျသောအောင်ပန်းမြို့နှင့် (၃)မိုင်ကွာသာ ဝေးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့်သွားလာရလွယ်ကူသည်။ ကျေးရွာတည်ရှိရာသည် ကုန်းပြင်မြင့်၊မြေပြန့်ဖြစ်သည်။အရှေ့ဖက်တွင် ရွာရှိပြီး၊ အနောက်ဖက်တွင်တောင်တန်းရှိသည်။ အဓိကသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ လုပ်ငန်းများအတွက် စိမ့်စမ်းရေနှင့် အဝိစီတွင်းရေရရှိသဖြင့်နွေရာသီတွင်လည်းစိုက်ပျိုးနိုင်သည်။ လယ်မြေအသင့်အတင့် ရှိပြီးယာမြေကပိုများသည်။

(ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် ချောင်းရေကိုသာအဓိကအားကိုးအားထားပြု၍ သီးနှံများ စိုက်ပျိုးကြပါ သည်။ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုး မြေဧက (၂၆၀)ခန့်ရှိပြီး မိုးစပါးနှင့် ဂျင်းကိုသာ အဓိကစိုက်ပျိုးသည်။ ကျေးရွာတွင်

သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ ကျေးရွာတွင်သဲအနည်းငယ် သာထွက်ရှိသည်။ ကျေးရွာတွင်လူဦးရေများပြားလာသည့်အတွက် မိရိုးဖလာလုပ်ကိုင် စားသောက် လာကြရာတွင် လူဦးရေများပြားလာသည့် နှင့်အမျှ မြေလွတ်မြေလပ်တို့မှာလည်းလွန်စွာနည်းပါးလာကြောင်းတွေ့ရပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၆၀)စုနှင့်ကျား(၁၁၃)၊ မ(၁၁၈)ဦးဖြင့် လူဦးရေပေါင်း (၂၃၁)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၇)ဦးနှုန်းရှိသည်။ ကျေးရွာတွင် ပအိုဝ်းလူမျိုးအများဆုံး နေထိုင်ကြသည်။ ကျေးရွာတွင် အမျိုးသမီးမှာ အမျိုးသားအရေအတွက် နှင့်ကွာခြားမှုသိပ်မရှိပါ။ လုပ်ကိုင်နိုင်သည့် အလုပ်များကိုပါထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူစွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအ သုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်ပိုမိုအထောက် အကူပြုစေနိုင်ပါမည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင် စု အားလုံး၏ ၄၁ %သည် ဆင်းရဲနှင့် ၃၂%သည်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ် ကြပြီး ၂၄%သည် ချမ်းသာသည့်အဆင့်၊ ၆၃%သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင် မှုနှင့် ချောင်းရေအလုံအလောက်ရှိကြောင့် စိုက်ပျိုးရေးအတွက်အဆင်ပြေသည်။ ကျေးရွာစီးပွါးရေး အနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် ဆင်းရဲအဆင့်သည်ကျေးရွာတွင် အများဆုံးဖြစ်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၃၄)အိမ်ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ (၁၄)အိမ်ခန့်ရှိသည်။ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများကိုအဓိကထားလုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ် ထောင်စုများ၏ ၃၀%ဖြစ်သော (၁၄)စုကို မေးမြန်းမှုအရ အိမ်ထောင်စု(၁၄)စုလုံးမှာချေးယူကြ သည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးတင်ရှိနေကြသည်။ ချေးငွေအများစုကို ကျေးရွာသမဝါယမအသင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများမှချေး ယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်အတွက်နှင့် ကျန်းမာရေးကိစ္စရပ်များ အတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက်ဒုတိယအနေအထား တွင်သုံးစွဲကြသည်။ ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၇)ဦးရှိသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် သစ်တောပြုန်းတီးမှု ကိုသာ အသင့်အတင့်အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားများ တွင်သာ တွေ့ရသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စု အလိုက်ခွဲခြားသတ်မှတ်ရာတွင်လည်း လူငယ်များ၊ ဆင်းရဲသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု နှင့်ဆင်းရဲသည့် နေ့စားအိမ်ထောင်စုများမှာထိခိုက်သက်ရောက်မှုလတ်ကြောင်းတွေ့ရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလွန်ကျောင်းတွင် ကျောင်းသူ/သားများကိုလည်း အပတ်စဉ်ခန့် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊ လူငယ် လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိ အမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုကျေးရွာမှ (၃) မိုင်ခန့်အကွာရှိ အောင်ပန်းတိုက်နယ်ဆေးရုံတို့တွင် ရရှိနိုင်ကြသည်။ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။ ကျေးရွာတွင် ချောင်းရေကို အလွယ် တကူလုံလောက် စွာရနိုင် ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါး ကြောင်းတွေ့ရသည်။ သွေးတိုးရောဂါနှင့်ရာသီအကူးအပြောင်းတွင် အဖျားအနာများ ဖြစ်ပွားမှုများသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် သင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ သက်ကြီးရွာသား အများစုသည် မူလတန်း ပညာရေး ကိုသာရရှိကြပြီး/သော်လည်း အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကိုတတ်မြောက်ကြသည်။ အလယ်တန်းနှင့်အထက်တန်း ပညာတတ်ဦးရေနည်းပါး သည်။ ဘွဲ့ရအရေအတွက်မှာ အလွန်ပင်နည်းပါးသည်။ ကျေးရွာတွင် အခြေခံ ပညာရေးကို ကျေးရွာရှိမူလတန်းကျောင်းတွင်သင်ကြားနိုင်သဖြင့် မူလတန်းအရွယ်ကလေးများမှာမူ မူလတန်း ပညာကိုသင်ကြားကြသည်။ အလယ်တန်း၊ အထက်တန်း ကျောင်းပညာတို့အတွက် ရွာနှင့် (၃)မိုင်ကွာဝေးသည့် အောင်ပန်းမြို့ တို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ် များအတွက်ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း အလွန်နည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားနှင့် မိသားစုအတွင်းကျား/မတို့၏ အခန်းကဏ္ဍမှာ အမျိုးသားများကသာဦးဆောင်၍ဆုံးဖြတ်ကြကြောင်းတွေ့ရသည်။ ရပ်ရွာအရေး ကိစ္စ များတွင်လည်း အမျိုးသားများကသာ ဦးဆောင်ကြသည်။ အမျိုးသမီးများမှာ အိမ်မှုကို စွမ်းနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းအပြင် အိမ်၏စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းဝင်ရောက်လုပ်ကိုင်ကြသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ် များတွင်အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်း များအရ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများတွင် အမျိုးသားနှင့် အမျိုးသမီးမှာ ကျောင်းတက် မှုနှုန်းမှာကွာခြားမှုသိပ်မရှိပါ။သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှု မရှိကြောင်း တွေ့ရပါသည်။အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းမရှိပါ။ ဖွဲ့စည်းထားခြင်းမရှိသော်လည်းကျေးရွာ သူ/သားများသည်ရပ်ရေးရွာရေးကိစ္စရပ်များတွင်တက်ကြွစာပါဝင်ကူညီဆောင်ရွက်ကြသည်။

ကျေးရွာတွင် စီးပွါးရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာသူ၊ကျေးရွာသားများဖြင့်ဖွဲ့စည်း ထားသော မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့၊ ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝယမအ သင်း၊ ပက်မြန်မာငွေစုငွေချေးအဖွဲ့တို့ရှိကြပြီး ကျေးရွာသား အများစုမှာ ၎င်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ ကျေးရွာရှိအဆိုပါအဖွဲ့ အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုး ရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ဂျင်း နှင့်ဟင်းသီးဟင်းရွက် ကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါး တစ်ဧကပျမ်းမျှအထွက်မှာ (၇၀)တင်း၊ ဂျင်းတစ်ဧကပျမ်းမျှ (၃၅) ထွက်ရှိသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကမကထပြုပြီး မျိုးစပါးစိုက်ပျိုးထုတ်လုပ်ရေးဆောင်ရွက်ခြင်း၊ သီးနှံစံပြစိုက်ကွက်များ နမူနာပြစိုက်ပျိုးခြင်းများရှိသည်။ တောင်သူအများစုသည် စိုက်ပျိုးချိန်တွင်တစ်ပြိုင်နက်တည်း စိုက်ပျိုးကြသဖြင့် လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမား ငှားရမ်းခဈေးကြီးမြင့်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင်ကြကာ ကုန်ကျ စရိတ်မြင့်မားရသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို လွယ်ကူစွာဝယ်ယူနိုင်သော်လည်း ဈေးနှုန်းကြီးမြင့်နေတတ်သည်။ ပိုးသတ်ဆေး အရည်အသွေးမပြည့်ဝမှုကြောင့် ဆေးဖျန်းသော လည်း မနှိမ်နင်းနိုင်ကြောင်းတွေ့ရသည်။ ဖျက်ပိုးကာကွယ်၊ နှိမ်နှင်းနည်း ကိုလည်းစနစ်တကျ တတ်မြောက်မှုမရှိကြပါ။ ကျေးရွာတွင် လယ်ယာသုံးစက်ကိရိယာ အနေဖြင့် လက်တွန်းထွန်စက် (၁၀)လုံးသာပိုင်ဆိုင်မှုရှိသဖြင့်လယ်ယာလုပ်ငန်းကို လူ၊လုပ်အားဖြင့် သာလုပ်ကိုင်ကြရသည်။ ကျေးရွာတွင် ကျွဲ၊နွားမွေးမြူသူအိမ်ထောင်စုမှာ ဝက်မွေးသူအိမ်ထောင်စုမှာ (၆)အိမ် ဒေသကြက် မွေးသည့် အိမ်ထောင်စု လည်း (၄)အိမ် ခန့်သာရှိပြီး တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများ နည်းပါးသည်။ နွားမွေးမြူသူအိမ်ထောင်စုမှာ (၈) အိမ်မွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွါး တတ်သော တိရစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။ ကျေးရွာတွင် တနိုင်တပိုင်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေ နည်းပါးသည်။ သီးနှံစိုက်ပျိုးရေးလုပ် ငန်းများကိုသာအစဉ်အဆက်လုပ်ကိုင်ကြခြင်း၊ ၎င်းလုပ်ငန်းမှ ဝင်ငွေ အထိုက်အလျောက်ရ ရှိနိုင်ခြင်းနှင့် မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်တစား ဆောင်ရွက်လုပ်ကိုင်သူ နည်းပါးသည်။ မွေးမြူရေးဆိုင်ရာဗဟုသုတနည်းပါးခြင်း၊ ကူးစက်ရောဂါ အခါအားလျော်စွာကျရောက်တတ်ခြင်းနှင့် ဝင်ငွေရရှိမှုနည်းပါးခြင်းတို့ကြောင့်လည်း မွေးမြူရေးလုပ်ငန်းကိုစိတ်ဝင်စားမှုနည်းကြသည်။ ကျေးရွာတွင် ရေမြေအနေအထားနှင့် မွေးမြူရန်နေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှအပ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြား ဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဈေးဆိုင်ရောင်း၊ လက်သမား၊ပန်းရံလုပ်ငန်း တို့ ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်း အပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ တစ်ချို့ ကျပမ်း အလုပ်သမားအချို့သည် နေ့စားခအလုပ် အနေဖြင့် အလုပ်လုပ်ကြသည်။ ပန်းရံ၊ လက်သမားများ၏ တစ်နေ့လုပ်အားခမှာ ကျား (၆၀၀၀)ကျပ်နှင့် မ(၄၀၀၀)ကျပ် ရနိုင်ကြသည်။ ကျေးရွာတွင် စပါးနှင့် ဂျင်း များကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများ အတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ စပါးနှင့် ဂျင်းစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် တစ်နေ့လုပ်အားခကို ပျမ်းမျှ ၄၀၀၀ကျပ် မှ ၆၀၀၀/- ကျပ်အတွင်း ရနိုင်ကြသည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများ ပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ အောင်ပန်းမြို့တွင်မော်တော် ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည့်သင်တန်းများရှိသော်လည်း စိတ်ဝင်စားမှုနည်းပါးခြင်း၊ သင်တန်းစရိတ်ခက်ခဲခြင်း၊ ဈေးကွက်နည်းပါးခြင်းတို့ကြောင့် ရွာသားအများစုသည် အဆိုပါ သင်တန်းများကို တက်ရောက်သင်ကြားမှုနည်းပါးကြသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အပြင် လုပ်ငန်းအတွေ့အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်တွင်ရရှိမှု နည်းသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာကာ သီးနှံအထွက်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ တောင်သူများအနေဖြင့် အလွယ်တကူရနိုင်သော ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။မိုးရွာနောက်ကျခြင်း၊ မိုးခေါင်ခြင်းနှင့် အချိန်အခါမဲ့ မိုးရွာသွန်းခြင်း စသည့် ရာသီဥတုဖေါက်မှုများမှာ နှစ်တိုင်းလိုလို ကျရောက် တတ်ပြီးတောင်သူများ၏ စီးပွားရေးကိုများစွာထိခိုက်ပျက်စီးစေသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် ပက်မြန်မာ ငွေစုငွေချေးအဖွဲ့ပါဝင်နေကြကာ တစ်လလျှင် အတိုးနှုန်း (၁)ကျပ်မှ (၁.၅)ကျပ်ဖြင့် ငွေချေးယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့များတွင် ချေးငွေကို (၁)နှစ်အထိ ချေးယူနိုင်သည်။ မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့ လည်ပတ်ရန်ပုံငွေဖြစ်ပြီး ကျေးရွာသားများကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန် ထုတ် ချေးသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများကိုတွေ့ဆုံမေးမြန်းမှုအရ အများစုမှာ အကြွေးတင်ရှိမှု ရှိနေကြကြောင်း တွေ့ရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာကို သင်ယူနိုင်ကြသည်။ ကျောင်းသားဦးရေများပြားလာပြီး လက်ရှိကျောင်း ဆောင်ဖြင့်လုံလောက်မှုမရှိတော့သဖြင့် ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် လိုအပ်နေပါသည်။ ရွာသားအားလုံး၏လူဦးရေ (၂၀၀)ဦးမှာ ရေးတတ် ဖတ်တတ်ကြပြီး အသက် အရွယ်ကြီးသူများမှာ ဘုန်းကြီးကျောင်း ပညာရေးကို ရရှိထားကြသည်။ ကျောင်းသုံး ပရိဘောဂ လုံလောက်ပြီး မူလတန်းပြဆရာ/မ (၈) ဦးရှိသည်။ ကျောင်းဆရာ/မ အင်အားလုံလောက် မှုရှိပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ (၃) မိုင်ခန့်ဝေးသည့် အောင်ပန်းတိုက်နယ်ဆေးရုံသို့သွားရောက်၍ဆေးကုသရသည်။ ကားလမ်းဖြင့် အလွယ်တကူသွားရောက်ကာ ရရှိနိုင်ကြသည်။ ဆေးဆိုင်များမှာ အောင်ပန်း တွင် တည်ရှိပြီး လိုအပ်ပါက အလွယ်တကူ သွားရောက်ဝယ်ယူနိုင်သည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသဖြင့် ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက် ဆေးပေးခန်းတစ်ခုရရှိနိုင်ရေးကို လိုလားနေကြသည်။ သောက်ရေအတွက် စိမ့်စမ်းရေ၊ မိုးရေ၊ အဝိစီတွင်း ကိုသုံးစွဲကြပြီး တစ်နှစ်ပါတ်လုံး/မိုးတွင်းကာလသာ လုံလောက်မှုရှိသည်။၊ တစ်ရွာလုံးနီးပါး ယင်လုံ အိမ်သာ ဆောက်လုပ်သုံးစွဲကြသည်။ ရေကြောင့်ဆက် စပ်ဖြစ်ပွါး တတ်သော ရောဂါဖြစ်ပွါးမှုနည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပါ။ လူငယ်များသည် ကျေးရွာရှိလူမှုရေး လုပ်ငန်းများ တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း (ရိုးရာ အကများဖြင့် တင်ဆက်) ပါဝင်ကြသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် မူလတန်း/အလယ်တန်း ကျောင်းသားများအား ယဉ်ကျေးလိမ္မာ သင်တန်း၊ စာပေယဉ်ကျေး မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်မူ မြောင်းတူး/လမ်းပြင်ခြင်း စသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲလမ်းပန်းဆက် သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၅၄) စီး၊ ထွေလာကျီ (၁၀)စီး၊ ကား (၂) စီးနှင့် နွားလှည်း (၅၇)စီးတို့ကိုအသုံးပြုလျက်ရှိကြသည်။ ကျေးရွာတွင်ဆိုလာမီးကိုသာသုံးစွဲကြသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှ လက်ကိုင်ဖုန်း အသုံးပြု နေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအ ချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက် အဦမရှိသေးသော်လည်း ဖတ်စရာစာအုပ်များရှိသည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကို လည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့်တယ်လီဖုန်းနှင့် သတင်း ဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ် ရေးကို အသုံးပြုနိုင်ကြသော်လည်း လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်မှု အားနည်းသည်။ အာမခံစနစ်ကိုသိရှိထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် အောင်ပန်းရှိရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ကြီးကြီးမားမားဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

နန်းသွန်ကျေးရွာသည် မြေပြန့် ဒေသဖြစ်ပြီး၊ အောင်ပန်းမြို့ နှင့် အနီးတွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ အထူးကောင်းမွန်မှုရှိပြီး၊ တစ် နှစ် ပတ်လုံး လွယ်ကူချောမွေ့စွာသွားလာနိုင်ပေသည်။ နန်းသွန် ကျေးရွာနှင့်အနီးဆုံးစျေးမှာ (၃) မိုင်ကွာဝေးသည့် အောင်ပန်းစျေးဖြစ်ပြီး လယ်ယာထွက်ကုန်များကိုနေ့တိုင်း/ငါးရက်တစ်ကြိမ်တွင်ရောင်းချနိုင်သည်။ လူသုံးကုန်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါးစသည်တို့စုံလင်စွာ ရရှိနိုင်ပေသည်။ လူဦးရေအားလုံး၏ (၁၇၅)ဦးမှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် နည်းပါးသည်။ ရှိပြီးကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်း သင်တန်းများ ကိုလူငယ်များကိုလေ့ကျင့်သင် ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန် စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ် ရသောဆေးဝါးကုသလိုမှုအတွက်လည်း အောင်ပန်းတိုက်နယ် ဆေးရုံနှင့် သို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာအတွင်းတွင် ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး၊ထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ရန် လွန်စွာအထောက်အပံ့ကောင်းများဖြစ်စေပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေးစံပြစိုက်ကွက်များကို ကျေးရွာတွင် စိုက်ပျိုးထားခြင်း သည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်းစနစ်များအား အချိန်နှင့်တစ်ပြေးညီ ရရှိစေသည်။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်သည်။ စပါး၊ ဂျင်း တို့ကို အဓိကစိုက်ပျိုးကြပြီး၊ စိမ့်စမ်းရေထွက်မှ တစ်နှစ်ပတ်လုံး ရေရရှိနိုင်ကြခြင်းသည် သီးနှံစိုက်ပျိုးမှုအားလွန်စွာအထောက်အကူဖြစ်စေပေ သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လူမှုရေးပရဟိတအသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝအားကူညီဆောင်ရွက်မှုများပြုလုပ်ပေးကြသည်။ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံ မတိုးချဲ့နိုင်တော့ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင် ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာ ကြောင်း သိရှိရသည်။ သို့သော်ထိခိုက်ပျက်စီး ဆုံးရှုံးမှုအထိ မရှိပေ။ ကျေးရွာတွင်မူလတန်းကျောင်းသာ တည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာအရည်အသွေးအပိုင်းတွင် အားနည်းမှုရှိပေသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် (၃) မိုင်ခန့်ကွာဝေးသော အောင်ပန်းမြို့တွင် သွားရောက်သင်ယူကြသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိ သောကြောင့်အရေး ပေါ်ကိစ္စရပ်များတွင် အောင်ပန်းတိုက်နယ်ဆေးရုံသို့သွားရောက်ကုသသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်း လမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့်

ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့် တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သား များ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အ ထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်များအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာတွင်မူလွန်ကျောင်းဖြစ်သော်လည်းမူလွန်ဆောင်လုံလောက်မှုမရှိပါ။ထို့ကြောင့်အခက်အခဲများ စွာရှိပါသည်။ စာသင်ကျောင်းအဆောက်အဦမှာ အသင့်အတင့်ရှိပါ ထို့ကြောင့်စာသင်ကျောင် ဆောင်တိုးချဲ့ပေးရန်လိုအပ်ပါသည်။ စံချိန်မီသောစာသင်ကျောင်း ဆောင်တစ်ဆောင်နှင့် အားကစား ပစ္စည်း အချို့အား သက်ဆိုင်ရာအစိုးရဌာနများ ဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာနတို့ မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။

(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာသဲလမ်းဖြစ်နေသည်။ ကျေးရွာတွင် လျှပ်စစ်မီး မရှိသေးသောကြောင့် လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ပေးသင့်ပါသည်။ လမ်းအဆင့်မြှင့် ပြုပြင်ရန် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေး မှုများနှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြှင့်ပြုပြင်ပေးသင့်ပါ သည်။ ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူး သန်းရောင်းဝယ်မှု ပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအားလွန်စွာအထောက်အကူပြုနိုင်မည်။

(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျပွားရမ်းအသုံးပြုနိုင်ရေး

ကုန်းလွင်ကျေးရွာသည် စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေး ရရှိနိုင်သည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ၊ ရာသီဥတု ဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်း အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာ ရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးသင့်ပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကိုလည်း ဆောင်ရွက်ပေးသင့် ပါသည်။

(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

ကုန်းလွင်ကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာအာမခံချက် ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊ လက်ဖက်ရည်ဆိုင် ထိုင်ခြင်း များဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စား ကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာ ကျပမ်းအဖြစ် လုပ်ကိုင် စား သောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သောအသက်မွေးဝမ်း ကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ

ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ် ပေါင်း	ဦးစားပေး အဆင့်	ဖော်ပြချက်	မှတ်ချက်
ကျေးရွာအဆောက်အအုံ					
	၁။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း	၄၉	၁	– ကျောက်ချောလမ်းခင်းခြင်း(၂ မိုင် ဖြာလုံ)	ကျေးလက်ဦးစီး
		၂၆	၄	_ စာကြည့်တိုက်ဆောက်လုပ်ခြင်း (၂၀'×၂၀'×၉')	
		၂၃	၅	_ အုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ခြင်း(၂၇'× ၁၈'×၁၅')	
ပညာရေး					
စာသင်ကျောင်း	၂။ ကလေးပျော်၍ ဘက်စုံ တော်စေသည့် ကျောင်း အဖြစ် ဖန်တီး တည်ဆောက်ခြင်း၊	၄၁	၂	–မူလွန်ဆောင်ဆောက်လုပ်ခြင်း (၁၂၀'×၃၀'×၉')	ကျေးလက်ဦးစီး
		၃၃	၃	_ မူကြိုကျောင်းဆောင်ဆောက်လုပ်ခြင်း (၂၀' ×၂၀'×၉')	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း	၁	———				
၂။ ကလေးပျော်ရွှင် ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း	၂	———				
၃။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက် ကောင်းမွန် အောင် ဆောင်ရွက်ခြင်း	၃		———			
၄။ လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက် ကောင်းမွန် အောင် ဆောင်ရွက်ခြင်း	၄		———			

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင် ရွက်ခြင်း			√		
၂	ကလေးပျော်ရွှင် ဘက်စုံတော်စေသည့်ကျောင်းအဖြစ်ဖန်တီးတည်ဆောက်ခြင်း၊			√		
၃	ကလေးပျော်ရွှင် ဘက်စုံတော်စေသည့်ကျောင်းအဖြစ်ဖန်တီးတည်ဆောက်ခြင်း၊			√		
၄	လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင် ရွက်ခြင်း			√		
၅	လမ်းပန်းဆက်သွယ်သွယ်ရေးတိုးတက်ကောင်းမွန်အောင်ဆောင် ရွက်ခြင်း			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

